Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (023/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၃/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့မှ ဇူလိုင်လ (၃) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- လာမည့်ရွေးကောက်ပွဲအတွက် နယ်မြို့များတွင် အိမ်ထောင်စုအလိုက် မဲပေးနိုင်သူများ ဦးရေစာရင်းတွင် စစ်အစိုးရလက်အောက်ခံ အသင်းဝင်များဖြစ်ကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်အပြင် အစိုးရလက်အောက်ခံ အသင်းအဖွဲ့များဖြစ်ကြသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ၊ ပြည်သူ့စစ်၊ စွမ်းအားရှင်၊ ကြက်ခြေနီ၊ မီးသတ်၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျေးရွာနှင့် ရပ်ကွက်ကောင်စီအဖွဲ့ဝင်များကို တစ်အိမ်လျှင် တစ်ယောက်နှုန်းထည့်သွင်းရန် ညွှန်ကြားထားကြောင်း မွန်ပြည်နယ်ရေးမြို့နယ်တွင် စာရင်းကောက်ခံပေးသူ ဝန်ထမ်းတစ်ဦးကပြောသည်။ **(NEJ 280610)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ချင်းပြည်နယ်တွင် မဲရုံစောင့်ကြည့်ပညာပေးသင်တန်းများအား ပြည်နယ်ရွေးကောက်ပွဲကော်မရှင်က ဇွန်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြုလုပ်ပေးခဲ့ကြောင်း သင်တန်းတက်ရောက်ခဲ့သူ ဒေသခံတစ်ဦးကပြောသည်။ **(Khonumthung 280610)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ရပ်ကွက် (သို့) ကျေးရွာအုပ်စုကော်မရှင်များဖွဲ့စည်းရန် လူစာရင်းရွေးချယ်ရာတွင် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **USDA** အဖွဲ့ဝင်များကို ဦးစားပေးထည့်သွင်းထားကြောင်း ရန်ကုန်မြို့ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများမှဆိုသည်။ **(Irrawaddy 290610)** Read More...
- နိုင်ငံတဝန်းလုံးရှိ ကောက်ယူရရှိထားသော သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေတွင် (၅၉,၁၂၉,၉၀၀) ဦးရှိကာ မဲပေးနိုင်သူ အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူဦးရေ စုစုပေါင်း သန်း (၃၀) ကျော်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။ **(NEJ 300610)** Read More...
- စစ်ကိုင်းတိုင်း ကလေးမြို့နှင့်အနီးဝန်းကျင်ကျေးရွာများတွင် ရွေးကောက်ပွဲရန်ပုံငွေဟုဆိုကာ ငွေများကောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **(USDA)** အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကဒ်ရရှိရေး ဝန်ဆောင်မှုများ စတင်ပြုလုပ်နေကြောင်း ဒေခံတစ်ဦးကပြောသည်။ **(Irrawaddy 010710)** Read More...
- ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးလှရွှေသည် ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင် ဥက္ကဌ များ အသုံးပြုမည့်တံဆိပ်တုံးတစ်ခုလျှင် ကျပ်ငွေ ၅၀၀၀ စီဖြင့် ရောင်းချနေကြောင်း အမည်မဖော်လိုသူ ကျေးရွာကော်မရှင် ဥက္ကဌ တစ်ဦးကပြောသည်။ **(Narinjara 010710)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲဝင်ရောက်ရန် ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ပြီးဖြစ်သည့်ပါတီများမှ ဗဟိုကော်မတီဝင်များ၏ ကိုယ်ရေးအချက်အလက်များကို ကော်မရှင်က ဇွန်လကုန်ပိုင်းမှစတင်ကာ ထပ်မံတောင်းခံနေကြောင်း မတူကွဲပြား ခြင်းနှင့်ငြိမ်းချမ်းရေးပါတီ **PDP** အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(Mizzima 020710)** **Read More...**

အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် အသုံးပြုရန်အတွက် တင်ပြထား သောပါတီတံဆိပ်သည် ခမောက်ပုံပါနေသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က တရားဝင်ကန့်ကွက်သွား မည်ဖြစ်ကြောင်း အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(DVB 300610)** **Read More...**, **RFA...**
- စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်သို့ ခရီးထွက်လျှက်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်နှင့်စစ်ကိုင်းတိုင်းစည်းအဖွဲ့ဝင် မုံရွာအောင်ရှင်တို့သည် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေ ကာ အဖွဲ့ချုပ်အဖွဲ့ဝင်များအား ပါတီ၏လက်ရှိရပ်တည်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းချပြခဲ့သည်။ **(DVB 010710)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များဖြစ်ကြသော ဒု–ဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင် ဦးဝင်းတင်နှင့် အဖွဲ့ချုပ်လူငယ်အချို့တို့သည် ဇွန်လ ၂၉ ရက်နေ့က ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များဖြစ်ကြသော ကိုမင်းကိုနိုင်နှင့်ကိုကိုကြီးတို့၏ မိသားစုများနေအိမ်သို့ သွားရောက်တွေ့ဆုံအားပေး စကားပြောခဲ့သည်။ **(DVB 010710)** **Read More...**
- နအဖစစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲကာလအတွင်း ဒီမိုကရေစီအင်အားစုနှင့်ပြည်သူလူထုကို မည်သို့မည်ပုံ သတင်းစကားမျိုးပေးသွားမည့်ကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **(CRPP)** အဖွဲ့ဝင် ၉ ဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်တွင် ဇူလိုင်လ ၂ ရက်နေ့က ဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ **(RFA 020710)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များဖြစ်ကြသော ဒု–ဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင်ဦးဝင်းတင်၊ ဒေါက်တာမေဝင်းမြင့်၊ ဒေါ်လဲ့လဲ့၊ ဒေါ်ဖြူဖြူသင်းနှင့် **NLD** လူငယ်ခေါင်းဆောင်များသည် နိုင်ငံရေးအကျဉ်းသားများဖြစ် ကြသော လူရွှင်တော် ကိုဇာဂနာ၏ မိဘများနေအိမ်နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုပြုံးချို၏နေအိမ် များကို ဇွန်လ ၂ ရက်နေ့က သွားရောက်အားပေးစကားပြောခဲ့ပြီး ထောင်ဝင်စာပစ္စည်းအချို့လည်း ကူညီခဲ့သည်ဟု **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(RFA 020710)** **Read More...**

## (ခ) ပြည်ပအင်အားစုများ

- ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇွန်လ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့၌ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** နှင့် ဂျပန် နိုင်ငံအခြေစိုက် **Human Rights Now** လူ့အခွင့်အရေးချက်ချင်းပေးအဖွဲ့တို့ဦးစီးကျင်းပသော မြန်မာစစ်အစိုးရ လက်ထက် မြန်မာနိုင်ငံမှအမျိုးသမီးများအပေါ် အကြမ်းဖက်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ကုလသမဂ္ဂအ နေဖြင့် စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလိုက် သည်။ **(RFA 270610)** **Read More...**
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဖာဆီနီ ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံခွင့်မပေးနိုင်ကြောင်း စစ် အစိုးရမှ တုန့်ပြန်လိုက်သည့်အပေါ် ကန့်ကွက်ရှုတ်ချကြောင်း ပြည်ပအခြေစိုက်ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ကောင်စီ **(NCUB)** က ဇွန်လ ၂၆ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ **(RFA 270610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **(KIO)** အား နယ်ခြားစောင့်တပ်ပြောင်းလဲဖွဲ့စည်းရန် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခဲ့သည့် **NDAK** ဥက္ကဌဟောင်း ဦးစခုန်တိန့်ယိန်းပေးပို့ခဲ့သည့်တိုက်တွန်းစာကို ကချင်အဖွဲ့အစည်းများဖြစ်ကြသောပြည်ပရောက် ကချင်အမျိုးသားအစည်းအရုံး **(KNO)**၊ ကချင်ပြည်နယ် **NLD** ဝိုင်းမော်လွှတ်တော်အမတ်ဟောင်း ဒူဝါမရန်ဇော်အောင်နှင့် ကချင်ကျောင်းသားနှင့်လူငယ်များသမဂ္ဂ **(AKSYU)** များက ကန့်ကွက်လိုက်သည်။ **(KNG 280610)** [Read More...]

[အပစ်ရပ်အဖွဲ့အစည်းများ]

[နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ]

- နယ်ခြားစောင့်တပ်ဖွဲ့စည်းခြင်းကို လက်ခံလိုက်သည့် ယခင် **NDA-K** အဖွဲ့ခေါင်းဆောင် ဦးစခုံတိန့်ယိန်းကို ကချင်ပါတီ တစ်ခုတည်ထောင်ရန် စစ်အစိုးရက ကမ်းလှမ်းနေကြောင်း မြစ်ကြီးနားမြို့မှ ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးကပြောသည်။ **(NEJ 280610)** [Read More...]

[နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ]

- လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကချင်ပြည်နယ်၌ ကချင်အမျိုးသားကိုယ်စားပြုပါတီရှိသင့်သည်ဟု ဇွန်လ ၂၈ ရက်နေ့က ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက်၌ ကျင်းပပြုလုပ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(SNDP)** ၏ ရုံးခန်းဖွင့်ပွဲနှင့် ပါတီဆိုင်းဘုတ်တင်ပွဲ အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားခေါင်း ဆောင်တစ်ဦးကပြောသည်။ **(NMG 280610)** [Read More...]
- နိုင်ငံရေးနှင့် နှစ်ပေါင်း ၂၀ ခန့် ကင်းကွာနေသည့် ပြည်သူများကိုပါတီဝင်အဖြစ် စည်းရုံးရန်ခက်ခဲနေသဖြင့် လွှတ်တော်ကိုယ်စားလှယ် အမတ်လောင်းများကို ဦးစွာရှာဖွေနေရကြောင်း ကရင်ပြည်သူ့ပါတီ **(KPP)** ဒု–ဥက္ကဌ (၂) ဦးစောအေးကိုနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) **DPM** ဥက္ကဌ ဦးသုဝေတို့ကပြောသည်။ **(Mizzima 290610)** [Read More...]
- ရှမ်းပြည်တောင်ပိုင်း ပအိုဝ်းလူမျိုးများနေထိုင်ရာဒေသများဖြစ်သည့် တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ လွိုင်လင်မြို့နယ်နှင့် အခြားသောမြို့နယ်နယ်များတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** မှ ၂၀၁၀ ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆင်း၍ ဟောပြောပွဲများပြုလုပ်ပြီဟုဒေသခံများကပြောသည်။ **(Taunggyi Times 300610)** [Read More...]
- ပါတီဝင်ဦးရေး (၁) ထောင်ပြည့်မှီရေးအတွက် သျှမ်းပြည်တောင်ပိုင်း/အရှေ့ပိုင်း မြို့နယ်အသီးသီးသို့ သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **(SNDP)** က စည်းရုံးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း **SNDP** ပါတီဝင်တစ်ဦးကပြောသည်။ **(S.H.A.N 300610)** [Read More...]
- ဇွန်လလယ်ပိုင်းမှစ၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** ပါတီဝင်များသည် သျှမ်းပြည်တောင်ပိုင်း ဆီဆိုင်မြို့နယ် ဆိုင်းခေါင်(ဝ်) တွင် မဲဆွယ်စည်းရုံးနေစဉ် စည်းရုံးရေးမှူး ဗိုလ်မှူးဇော်ဝမ်းနှင့်ဦးအောင်ခင်တို့က ပအိုဝ်းဘာသာစကားပြောသည့်အပြင် ထောက်ခံမဲထည့်ပေးရန်သာ အတင်းဖိအားပေးပြောဆိုနေပြီး ဒေသခံလူထုမှ ပြန်လည်ပြောဆိုခွင့်မရှိသဖြင့် ဒေသခံလူထုများက မကျေမနပ်ဖြစ်နေကြကြောင်း တာချီလိတ်ရောက်ပအိုဝ်းလူငယ်တစ်ဦးကပြောသည်။ **(S.H.A.N 010710)** [Read More...]
- နအဖစစ်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ခံ စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနက ပြည်တွင်းထုတ်ဂျာနယ်များတွင် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုသတင်း၊ အင်တာဗျူးနှင့်ဆောင်းပါးများကို စိစစ်ဖြတ်တောက်မှုများ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ပိုမိုဆိုးရွားလာနေသည့်အပေါ် မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီက အာဏာပိုင်များမှ လျှော့ပေါ့ပေးရန် တောင်းဆိုလိုက်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(DVB 010710)** [Read More...]

- မြန်မာနိုင်ငံတွင် စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနက အပတ်စဉ်ဂျာနယ်များတွင် နိုင်ငံရေးပါသတင်းများကို တင်းကျပ်နေသဖြင့် လာမည့်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြန်လည်သုံးသပ်မည်ဟု မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ **(PDP)** အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကပြောသည်။ **(Irrawaddy 020710)** [Read More...]

## နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် ပြင်ဆင်နေသည့်အဖွဲ့များ

- ဦးအောင်သောင်းနှင့်ဦးသိန်းဇော်တို့တိုက်တွန်းမှုကြောင့် မြစ်ကြီးနားမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း **(USDA)** အဖွဲ့ဝင် ဦးထင်နန်မှဦးဆောင်ကာ ကချင်ပြည်နယ်ညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ **Unity Democracy Party of Kachin State** အား ထူထောင်လိုက်ကာ ယခုရက်ပိုင်းအတွင်း ရွေးကောက်ပွဲကော်မရှင်ထံ ပါတီမှတ်ပုံတင်ခွင့်ရရှိရေးအတွက် လျှောက်လွှာသွားတင်မည်ဖြစ်သည်။ **(DVB 290610)** [Read More...], [RFA...]
- ကချင်ပြည်နယ် စည်းလုံးညီညွတ်ရေးဒီမိုကရေစီပါတီ သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံတွင် ပါတီမှတ်ပုံတင်ရန်အတွက် နေပြည်တော်သို့ ဇူလိုင်လ ၁ ရက်နေ့တွင် ရောက်ရှိမည်ဖြစ်သည်ဟု ၎င်းပါတီနှင့်နီးစပ်သည့်အသိုင်းအဝိုင်းမှဆိုသည်။ **(KNG 010710)** [Read More...]

## နိုင်ငံတကာဆောင်ရွက်မှုများ

### အစိုးရများ

- ဩစတြေးလျသံအမတ်ကြီးမစ်ရှဲချန်းသည် အရှေ့တောင်အာရှဒါရိုက်တာနှင့်အတူ ဇွန်လ ၂၈ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့များနှင့် လာရောက်တွေ့ဆုံကာ အဖွဲ့ချုပ်၏ လက်ရှိရပ်တည်ချက်၊ အနာဂတ်မျှော်မှန်းချက်၊ နအဖစစ်အစိုးရအား စီးပွားရေးပိတ်ဆို့မှုများအပေါ် အမြင်သဘောထားနှင့် ဒေါ်အောင်ဆန်းစုကြည်၏ရပ်တည်ချက်များအကြောင်းကို မေးမြန်းခဲ့ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကပြောသည်။ **(DVB 280610)** [Read More...], [RFA...]
- ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သမ္မတသစ် ဘင်နစ်နိုနွိုင်နွိုင်အကွီနိုက မြန်မာ့ဒီမိုရေစီရေးနှင့်ပတ်သက်၍ သူ့အနေဖြင့် အာဆီယံနိုင်ငံများအပေါ်တွင် ဦးဆောင်၍ ပြုပြင်ပြောင်းလဲမှုတစုံတရာဖြစ်ပေါ်လာရန်အတွက် ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) **NLD-LA** နိုင်ငံခြားရေးဌာန အတွင်းရေးမှူး ဦးညိုအုန်းမြင့်ကပြောသည်။ **(DVB 300610)** [Read More...]
- မြန်မာနိုင်ငံတွင် တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရေးအတွက် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှအကြီးအကဲ **Hugh Barrowman** က တိုက်တွန်းတောင်းဆိုခဲ့ကြောင်း ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ (၄) ပါတီတို့နှင့် ဇွန်လ ၃၀ ရက်နေ့က တွေ့ဆုံခဲ့စဉ် ပြောကြားခဲ့သည်ဟု ဒီမိုကရက်တစ်ပါတီ–မြန်မာပြည် **DPM** ဥက္ကဌ ဦးသုဝေကပြောသည်။ **(RFA 300610)** [Read More...]

---

***End of report/ Saturday, July 03, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---